The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

# ဝယ်ယူမှု ပုံရိပ်သစ်ဖြင့် မြို့ပြဘဝနေထိုင်မှုကို လင်းလက်လာစေ

ယခုနှစ်ပိုင်းများတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၊ စားကောင်းသောက်ဖွယ်၊ ကားနောက်ဖုံးဈေးသည်၊ အနုပညာစသည့် အဓိကအကြောင်းအရာဈေးပွဲတော် ဈေးတန်းများသည် ဒေသအသီးသီးတွင် ထွက်ပေါ်လာပါသည်။ ဒေသတွင်း ယဉ်ကျေးမှုကို ထူးခြားချက်အဖြစ် ထားရှိသည့် ဤဈေးပွဲတော် ဈေးတန်းများသည် လမ်းဟောင်းဝမှ လူနေမှုဘဝအငွေ့အသက်များဖြင့် သက်သောင့်သက်သာရှိသော ပတ်ဝန်းကျင်အခြေအနေများကို မတူညီသော နေရာကွက်လပ်များအတွင်းသို့ အသစ်တစ်ဖန် ပျံ့နှံ့လျက်ရှိပြီး ပိုမိုများပြားသော ဝယ်ယူမှုပုံရိပ်သစ်များကို ဖန်တီးပေးနေပါသည်။




## ဈေးပွဲတော်လည်ပတ်ခြင်း။ ။ စည်ကားမှုမှာ အဓိပ္ပာယ်သစ်တို့ရှိနေ

တရုတ်တစ်နိုင်ငံလုံးသို့ လှည့်လည်ဆိုင်ခင်းနေသည့်“အသံတိတ်လှုပ်ရှားမှု”ဆိုင်ပိုင်ရှင် လျိုယန်က မနှစ်က တစ်နှစ်ပတ်လုံးမိမိသည် လက်ရက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်လက်ရာများဖြင့် ပေကျင်း၊ ရှန်ဟိုင်း၊ ချုံချင့်၊ ရှီးအန်း စသည့် မြို့များသို့ သွားရောက်ခဲ့ကြောင်း၊ ယူနန်ပြည်နယ်တွင် ခွီကျင့်၊ တာ့လီ၊ ကျင်ဟုန်၊ ကူမင်း စသည့်ဒေသများသို့လည်း သွားရောက်ခဲ့ကြောင်း ပြောပြပါသည်။ “မနှစ်က ဒီဇင်ဘာလမှာ ကျွန်မ စစ်ဆောင်ပန်းနား တိုင်(ရှမ်း)တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲကိုသွားပြီး တောင်ပေါ်တက် ဈေးပွဲတော်မှာ ပါဝင်ခဲ့ပါတယ်။ တောင်ပေါ်မှာခင်းကျင်းထားတဲ့ အဲဒီဈေးပွဲတော်မှာ သေသပ်လှပတဲ့ တိုင်(ရှမ်း)ချည်ထည်၊ တိုင်(ရှမ်း)မြေထည်ပစ္စည်း၊ ငွေထည်ပစ္စည်းစတဲ့ တိုင်းရင်းသားလက်မှုအနုပညာပစ္စည်းတွေ ခင်းကျင်းထားပါတယ်။ ပြီးတော့ တိုင်(ရှမ်း) အရသာအကင်စတဲ့ ဒေသထွက်အစားအသောက်ကောင်းတွေလည်း ရှိပါတယ်၊ ကျွန်မရဲ့ ဆိုင်နေရာနားမှာ ဌာနေကလာတဲ့ ဆိုင်ပိုင်ရှင်က သူ့ရဲ့ ကုန်စုံဆိုင်နဲ့အတူ ရောက်လာပါတယ်။ ပြီးတော့ ရှန်ဟိုင်းက ဆိုင်ပိုင်ရှင်က ချည်ထိုးအပ်၊ ကြွေထည်မြေထည်ပစ္စည်းစတဲ့ ပစ္စည်းကောင်းတွေကို ခင်းကျင်းထားပါတယ်၊ ဈေးပွဲတော်ကစည်ကားပြီး စိတ်ဝင်စားဖို့ ကောင်းလှပါတယ်”ဟု သူမက ပြောပါသည်။

လျိုယန့်က သူမသည် တစ်ခါတစ်ရံတွင် ဆိုင်ခင်းရောက်ရှိလာသည့် မြို့အတွက် အထူးထုတ်ကုန်ကို သီးသန့်ပြုလုပ်ပေးတတ်ကြောင်း ပြောပြပါသည်။ “ဥပမာ တာ့လီကို ရောက်တဲ့ အချိန်၊ ကျွန်မက ဆေးရောင် ၅ မျိုး လက်ရက်ကြိုးနဲ့ ဝရဇိန်ကြိုးချည်ပုံစတဲ့ တရုတ်ရိုးရာကြိုးချည်နည်းပညာတွေ ပေါင်းစပ်ပြီး လက်မှုအနုပညာ တစ်ရပ် ဖန်တီးတတ်ပါတယ်။ တာ့လီရဲ့ ကဗျာဆန်တဲ့ သက်သောင့်သက်သာရှိမှုနဲ့ စိတ်ကူးယဉ်ဆန်မှုတို့ကို ပေါ်လွင်စေခဲ့ပါတယ်”ဟု သူမက ပြောပြပါသည်။ ဈေးပွဲတော်စီးပွားရေး၏ ဆန်းသစ်လာမှုသည် ကိုယ်ပိုင်အမှတ်တံဆိပ်နှင့် ဆန်းသစ်တီထွင်သူများအတွက် ပိုမိုများပြားသော အခွင့်အလမ်းများ ဖြစ်ပေါ်လာစေသည်ဟု သူမက ယူဆပါသည်။

ယနေ့ခေတ်၏ ဈေးပွဲတော်သည် ကုန်ပစ္စည်းများရောင်းချသည့် ကနဦးအဆင့်မဟုတ်တော့ဘဲ ၎င်းသည် လက်တွေ့လုပ်ဆောင်မှုအခွင့်အလမ်းများ ဖန်တီးပေးနေသည့် တစ်ချိန်တည်းတွင် အပြန်အလှန်ချိတ်ဆက်မှုများ ပိုမိုဆောင်ရွက်ခြင်းနှင့် စိတ်ခံစားချက်များ ချိတ်ဆက်ခြင်းတို့မှတစ်ဆင့် ဝယ်ယူမှု၏ တွဲဖက်တန်ဖိုးနှင့် လူ့အဖွဲ့အစည်း၏ နွေးထွေးမှုကို တိုးမြှင့်ပေးလျက်ရှိပါသည်။

ဆောင်းရာသီတွင် နှုတ်သီးနီ စင်ရော်များ ရာသီကိုက် ရောက်ရှိလာခဲ့ပြီး ကူမင်းမြို့တာ့ကွမ်းမြစ်ကမ်းဘေးမှ “ဝိုး…စင်ရော်”ဈေးပွဲတော်သည် ဆောင်းရာသီတွင် စိတ်လှုပ်ရှားဖွယ်ကောင်းသည့် ထူးဆန်းအံ့ဖွယ် ကဇာတ်ရုံကြီး ဖြစ်လာစေခဲ့ပါသည်။

ဈေးပွဲတော်တွင် “နေသာသောနေ့ အသံတိတ်ကော်ဖီ”ဆိုင်ရှေ့တွင် ဝယ်သူများနှင့် ပြည့်နှက်နေပါသည်။ ၎င်းတို့သည် ဆိုင်ဘေးမှ လက်ဟန်အနေအထားဖြင့် ပြောသည့် စကားသင်ယူရေးရုပ်ပုံကို ကြည့်၍ “Latte”၊ “အပူသောက်”စသည့် လက်ဟန်အနေအထားဖြင့် ပြောရသည့်ဝေါဟာရများကို အာရုံစိုက်သင်ယူနေပါသည်။ ကူမင်းမြို့ မျက်မမြင်နှင့် ဆွံ့အကလေးများသင်တန်းကျောင်းမှ ဆရာမ ၂ ဦးသည် ဆိုင်နောက်တွင် ရပ်လျက် မျက်ဝန်းတွင် နွေးထွေးမှုများ အပြည့်ဖြင့် ဤဖြစ်ရပ်ကို ကြည့်နေကြပါသည်။ ဆရာမရှဲ့က “ဒီအထက်တန်းဒုတိယနှစ်က ကလေးတွေက အော်ဒါမှာ၊ ကော်ဖီဖျော်ကနေ ပါဆယ်ထုတ်၊ ပါဆယ်ပို့၊ ငွေရှင်းတဲ့အထိ အကုန်လုံးကို သူတို့ဘာသာသူတို့ အပြီးလုပ်ဆောင်ခဲ့တာပါ။ မနှစ်က စက်တင်ဘာလမှာ ကျောင်းရဲ့ အသက်မွေးဝမ်းကျောင်း ပညာရေးအပိုင်းမှာ ကော်ဖီဖျော်ခြင်းနဲ့ ဝန်ဆောင်မှုသင်ခန်းစာ အသစ်ထပ်တိုးခဲ့ပါတယ်။ ဒီတစ်ခေါက်ကတော့ သူတို့ကို ဈေးပွဲတော်မှာ လက်တွေ့ဆင်းစေတာပါ။ ကလေးတွေကို အမှန်တကယ် လည်ပတ်လုပ်ဆောင်တဲ့ ဖြစ်ရပ်ကတစ်ဆင့် ကျွမ်းကျင်ပညာရပ်ကို အသုံးချပြီး ဂုဏ်သိက္ခာရှိရှိနဲ့ လူ့အဖွဲ့အစည်းနေထိုင်မှုအတွင်း ပေါင်းစည်းဝင်ရောက်နိုင်ဖို့ မျှော်လင့်ထားပါတယ်။ အားလုံးက ၉ ရက်တာ လက်တွေ့ဆင်းတဲ့အချိန်မှာ အဖျော်ခွက် ၃၄၀ ကျော်ရောင်းနိုင်ခဲ့ပါတယ်။ ကလေးတွေက ဝယ်သူတွေကို အလွယ်သုံး လက်ဟန်အနေအထားစကားနဲ့ အော်ဒါမှာနိုင်ဖို့ သင်ကြားပေးကြပြီး ဝယ်သူတွေကလည်း သေသေချာချာ သင်ကြပါတယ်။ လက်ဟန်အနေအထားစကားနဲ့ အော်ဒါမှာတဲ့ အထူးလျှော့ဈေးကိုလည်း ရရှိနိုင်ပါတယ်”ဟု မိတ်ဆက်ပြောပြပါသည်။

## ရုပ်ကွက်ဆိုင် ။ ။ အနီးအနားက နွေးထွေးမှု

ကူမင်းမြို့ ချန်ဝေ့လမ်းအနီးအနားတွင် မီနီကော်ဖီဆိုသည့်ရုပ်ကွက်ကော်ဖီဆိုင်တစ်ဆိုင် ရှိပါသည်။ ဤဆိုင်သည် လူနေအိမ်ဟောင်းကို ပြန်လည်ပြုပြင်မွမ်းမံထားသည့် နွေးထွေးသော ဆိုင်လေးတစ်ဆိုင် ဖြစ်ပါသည်။ Toy Story စသည့် ကာတွန်းအဓိကအကြောင်းအရာများသည် ၎င်း၏ ထူးခြားချက်ဖြစ်ပြီး ဆိုင်အတွင်းမှ အထူးကုန်ပစ္စည်းများသည်လည်း အမျိုးမျိုးသော ကာတွန်းပုံရိပ်များကို ဗဟိုပြု၍ ဒီဇိုင်းရေးဆွဲထားပါသည်။ ဥပမာ - Buzz Lightyear ကိတ်မုန့်၊ Alien ရေခဲမုန့်စသည်ဖြင့် ကာတွန်းဇာတ်ကောင်များနှင့် စားကောင်းသောက်ဖွယ်များကို အကြောင်းသင့်စွာ ပေါင်းစပ်ပေးထားပါသည်။

“ရုပ်ကွက်ဟောင်းကြီးကိုယ်၌က ပုံပြင်တွေနဲ့ နွေးထွေးမှုတွေ ရှိနေတော့ ဆိုင်လေးကို ကျွန်မငယ်ငယ်ကတည်းက နေထိုင်လှုပ်ရှားလာခဲ့တဲ့ ဒီလမ်းပေါ်မှာ ဖွင့်လိုက်တာက တစ်မူထူးခြားတဲ့ နေရာကွက်လပ်မှာ စိတ်ခံစားချက် ထည့်ထားရာတစ်ခုကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ကျွန်မတို့ ကြိုက်နှစ်သက်တဲ့ ကာတွန်းလက်ရာတွေကတော့ အဖွင့်အပိတ်ခလုတ်တစ်ခုလိုပဲ တဒင်္ဂအတွင်းမှာ ဒီလိုမျိုးလွမ်းဆွတ်မှုနဲ့ ကလေးဆန်မှုကို ပေါင်းစပ်ပေးလိုက်ပြီး တစ်မူထူးခြားတဲ့ စိတ်ပြေလျော့မှုအဖြစ် ပြောင်းလဲပေးလိုက်နိုင်ပါတယ်၊” ဆိုင်ပိုင်ရှင်ဆိုက်ဝင်က စီးပွားရေးလမ်းများပေါ်မှ ကော်ဖီဆိုင်များနှင့် နှိုင်းယှဉ်လိုက်ပါက ရုပ်ကွက်ကော်ဖီဆိုင်သည် လူ့သံယောဇဉ်ကို ပို၍အလေးပေးကြောင်း ပြောပြပါသည်။ “ရုပ်ကွက်ထဲမှာ ကျွန်မတို့က အိမ်နီးနားချင်းရဲ့ ဧည့်ခန်းနဲ့ ပိုတူပါတယ်။ ဖောက်သည်ဟောင်းတွေနဲ့ အသစ်ရောက်လာတဲ့ ဧည့်သည်တွေ အလွှာပသလွှာပပြောကြ၊ အပြန်အလှန် ဓာတ်ပုံတွေ ရိုက်ပေးကြ၊ ကျွန်မတို့နဲ့ ဘဝနေထိုင်မှုထဲက စိတ်ဝင်စားစရာတွေကို မျှဝေကြနဲ့ပေါ့။ ဧည့်သည်တွေက ဒီနေရာကွက်လပ်လေးကို မိမိရဲ့ ဘဝနေထိုင်မှုထဲက တစ်စိတ်တစ်ဒေသအဖြစ် သဘောထားကြတာက ယုံကြည်မှုနဲ့ စိတ်ခံစားချက်တို့ရဲ့ ချိတ်ဆက်မှုအပေါ်မှာ အခြေတည်ပါတယ်”ဟု သူမက ပြောပါသည်။

မြကန်သာနှင့် နီးကပ်သော ဝင်လင်လမ်းသည် နက်ရှိုင်းသော လူမှုယဉ်ကျေးမှုအခြေအမြစ်များ ပိုင်ဆိုင်ထားပြီး ပွင့်လင်းသော လမ်းပိုင်းသည် သက်သောင့်သက်သာရှိ၍ အားလပ်သော အငွေ့အသက်များ ဖြစ်ပေါ်စေခဲ့ပါသည်။ ဤလမ်းပေါ်တွင် “မြင်မြင်ချင်းသဘောတွေ့”ဆိုသည့် Polaroid ဓာတ်ပုံဆိုင်တစ်ဆိုင် ရှိပါသည်။ ရှေးကျသောဖလင်များ၊ ဂန္ထဝင်ရုပ်ရှင်များ၊ “ဟယ်ရီပေါ်တာ”စီးရီး၊ ရုပ်ပြကာတွန်းစသည့်အဓိကအကြောင်းအရာများသည် များပြားလှသော လူငယ်များကို ဆွဲဆောင်နိုင်ခဲ့ပါသည်။

“မြင်မြင်ချင်းသဘောတွေ့”ဆိုင်လေး၏ ပိုင်ရှင်သည် ယူနန်ပြည်နယ်သို့ ရောက်ရှိနေသည်မှာ ၂ နှစ်ကျော်ခဲ့ပါပြီ။ ယူနန်ပြည်နယ်၏ ဖြည်းညင်းသော ဘဝနေထိုင်မှုနှင့် လူနေမှုဘဝအငွေ့အသက်တို့သည် လူတို့ကို မိမိကိုယ်ကို ပို၍ ဂရုစိုက်လာစေနိုင်ကြောင်း သူကပြောပါသည်၊ “Polaroid ဆိုတာက အမှတ်တရပစ္စည်းပါ၊ လက်ရှိမိမိရဲ့ ဘဝနေထိုင်မှု သဘောထားကို မှတ်တမ်းတင်တာပါပဲ။” ဒစ်ဂျစ်တယ်ရုပ်ပုံ၏ အကန့်အသတ်မဲ့ သိမ်းဆည်းထားမှုနှင့်မတူဘဲ ဧည့်သည်များသည် ဤနေရာတွင် ကင်မရာခလုတ်ကိုနှိပ်ပြီး ရုပ်ပုံဖြည်းဖြည်းချင်း ပုံပေါ်လာခြင်းကို စောင့်ဆိုင်းရခြင်းသည် အခမ်းအနားတစ်ခုကို ဆင်နွှဲရသည်နှင့် တူညီပါသည်ဟု သူက မိတ်ဆက်ပြောပြပါသည်။ “ဧည့်သည်တွေက ဓာတ်ပုံကို ရရှိချိန်မှာ ပျော်ရွှင်နေတဲ့ အပြုံးတွေဒါမှမဟုတ် ဒေသခံနေထိုင်သူတွေက ဘဝနေထိုင်မှု အမှတ်တရတွေကို အယ်လ်ဘမ်ထဲ ထည့်သွင်းလိုက်ချိန်က ကျေနပ်နှစ်သိမ့်မှု စတာတွေကို မြင်ရတဲ့အချိန်တိုင်း ဒီမြို့ရဲ့ နွေးထွေးမှုတွေက သေးငယ်လှတဲ့ ဓာတ်ပုံကနေတစ်ဆင့် လက်ဆင့်ကမ်းနေတယ်လို့ ခံစားရပါတယ်”ဟု လျန်ကျင့်လင်က ပြောပါသည်။